# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org

---

## (၆၇) နှစ်မြောက် ကချင်အာဇာနည်နေ့သို့ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ

## ၂၀၂၂ ခုနှစ် ဩဂုတ်လ (၁၀) ရက်နေ့

၁။ ယနေ့ကျရောက်သော (၆၇) နှစ်မြောက် ကချင်အာဇာနည်နေ့ကို လေးစားစွာဖြင့် ဦးညွတ်ဂုဏ်ပြုအပ်ပါသည်။

၂။ ကချင်လွတ်လပ်ရေးအဖွဲ့ (**Kachin Independence Organization**)၊ ကချင်လွတ်လပ်ရေးတပ်မတော်(**Kachin Independence Army**) ကိုစတင်ထူထောင်ကာ ကချင်တော်လှန်ရေးကို ဦးဆောင်ခဲ့ကြသော ကချင်အမျိုးသားခေါင်းဆောင်များ ဖြစ်ကြသည့် **KIO/KIA** ဥက္ကဋ္ဌ စစ်ဦးစီးချုပ် ဗိုလ်ချုပ် **GOC-Lahtaw Zau Seng**၊ ဒုတိယ စစ်ဦးစီးချုပ် **VCS-Lahtaw Zaw Tu** နှင့် အထွေထွေအတွင်းရေးမှူး **Salang Kaba PungShwi Zau Seng** တို့ကျဆုံးခဲ့ကြသည့်နေ့ကို ဂုဏ်ပြုလျက် ကချင်အာဇာနည်နေ့ဟု သတ်မှတ်ကျင်းပခဲ့ကြသည်။

၃။ ခေတ်အဆက်ဆက် အာဏာရှင်စနစ်ဆန့်ကျင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် အသက်သွေးချွေးများစွာ ရင်းနှီးပေးဆပ်ပြီး တွန်းလှန်တိုက်ပွဲဝင်ခဲ့ကြသော ကချင်အာဇာနည်ခေါင်းဆောင်ကြီးများနှင့်တကွ ကချင်ပြည်သူလူထုတစ်ရပ်လုံးအား လေးနက်စွာ အောက်မေ့ ဦးညွတ်ဂုဏ်ပြုပါသည်။

၄။ ယနေ့ကျရောက်သော (၆၇) နှစ်မြောက် ကချင်အာဇာနည်နေ့တွင် ကချင်အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိရေး၊ တန်းတူရေး၊ တရားမျှတရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးတို့ကို ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူတကွ လက်တွဲ၍ ကြိုးပမ်းအောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဤသဝဏ်လွှာကို ဂုဏ်ယူစွာဖြင့် ပေးပို့အပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ